"ပါမောက္ခဆိုတာ ဘယ်သူလဲဟင်"

"မမျှော်လင့်ဘဲ တက္ကသိုလ်ကို ရောက်သွားပြီး . . . အဲဒီ ပရဝုဏ်ထဲက မထွက်နိုင်တဲ့လူ"

☺

"အထီးကျန်ဘဝကို ရှင်းပြစမ်းပါ"

"တစ်ယောက်ယောက် ဖုန်းဆက်မှာပဲလို့ တစ်နေကုန် စောင့်နေတုန်း နှိုးစက်နာရီပဲ မြည်လာတာကိုပြောတာ"

☺

"ခင်ဗျား ဘာပြောပြော မိန်းမတစ်ယောက် ရယ်တယ် ဆိုရင် ဘာဖြစ်လို့လဲ"

"သွားလှတာကို ပြချင်လို့ဖြစ်မှာပေါ့"

☺

"ယောကျ်ားကောင်းတစ်ယောက်ဟာ မိန်းမကောင်းနှစ် ယောက်နဲ့ တန်ဖိုးညီတယ်လို့ပြောတာ ကြားဖူးတယ်။ ဘာဖြစ်လို့ လဲ . . ."



"ရှားပါးပစ္စည်းဖြစ်လေလေ . . . အဖိုးတန်လေလေပေါ့ ဗျာ"

☺

"ပိုက်ဆံစုတာ ကောင်းသလား"

"ကောင်းတယ်။ အထူးသဖြင့် ခင်ဗျားရဲ့မိဘတွေ စုခဲ့ ရင် ပိုကောင်းတယ်"

☺

"ရိုးသားတဲ့လူဆိုတာ ဘယ်လိုလူလဲဟင်"

"မလိုအပ်ရင် မလိမ်တဲ့လူ"

☺

"ဝါဒဖြန့်တယ်ဆိုတာ ဘာလဲဟင်"

"ခင်ဗျားကိုယ်တိုင် မယုံတာကို တခြားသူတွေ ယုံလာ အောင်လုပ်ခြင်း"

☺